အာအက်ဖ်အေ

၂၆–၀၁–၂၀၀၄ (ညပိုင်း)

## ဒီပဲယင်းအရေးအခင်းတွင် ကိုယ်တိုင်တွေ့ကြုံခဲ့သူ စစ်ကိုင်းတိုင်းအဖွဲ့ချုပ်ဥက္ကဌ ဦးဘာဘာနှင့်ဆက်သွယ်မေးမြန်းချက်

စစ်ကိုင်းတိုင်းအန်အယ်လ်ဒီဥက္ကဌ ဦးဘာဘာဟာ ဒီပဲယင်းအရေးအခင်းမှာ ကိုယ်တွေ့ကြုံတွေ့ခဲ့ပြီး၊ ရွှေဘိုထောင်မှာ (၇)လကြာ ဖမ်းဆီးခံခဲ့ရသူ ဖြစ်ပါတယ်။ ရွှေဘိုထောင်ကပြန်လွတ်လာတဲ့ စစ်ကိုင်းတိုင်း အန်အယ်လ်ဒီဥက္ကဌ ဦးဘာဘာကို ဒီပဲယင်းအရေးအခင်းနဲ့ပတ်သက်လို့ ဦးစိန်ကျော်လှိုင်က ဆက်သွယ် မေးမြန်းခဲ့ရာမှာ ဒီကနေ့ ပမထပိုင်းကို တင်ပြလိုက် ပါတယ်။

**ဖြေ။** ။ ကျွန်တော့်ကားက ဘုတလင်ကိုရောက်တော့၊ မုံရွာကမော်တော်ဆိုင်ကယ်တွေကို ဖမ်းထားတယ်လို့ပြောတယ်။ အဲတော့ အန်တီကနေ ဘယ်လိုပြောတုန်းဆိုတော့ တာဝန်ရှိတဲ့သူတွေ အဲဒီမော်တော် ဆိုင်ကယ်ကိစ္စတွေကို သွားလုပ် ပေးပါ။ ကျွန်တော့်ကို တာဝန်ပေးတယ်။ အဲတော့ ကျွန်တော့်အတွင်းရေးမှူးဖြစ်တဲ့ ဝက်လက်က ကိုထွန်းမြိုင်ကို တာဝန်ပေး ပြီးတော့ ကျွန်တော့်ကားနဲ့ လှည့်ပြီးတော့ အဲဒီကိစ္စကိုဆောင်ရွက်တယ်။ ဦးထွန်းမြိုင်ရယ်၊ ဘုတလင်ဥက္ကဌ ဦးအောင်ချိုင် လိုက်သွားတယ်။ သူတို့မုံရွာမှာပဲ အဖမ်းခံရတယ်။ ကျွန်တော့်ကားက သူတို့နဲ့ ပါသွားတယ်ပေ့ါဗျာ။ အဲတော့ ကျွန်တော် ကဦးတင်ဦးကားနဲ့ လိုက်ရတယ်။ လမ်းပြပေ့ါ။

**မေး။** ။ ခဏ ဖြတ်မေးလိုက်ဦးမယ်။ ဦးတင်ဦးကားပေါ်မှာ ဦးတင်ဦးရယ်၊ ဦးဘာဘာရယ်အပြင် ဘယ်သူတွေ ပါသေးလဲ ခင်ဗျ။

**ဖြေ။** ။ ဦးအောင်စိုးပါတယ်ဗျ။ ကျည်ရွာလေးကိုရောက်တော့ နောက်မှာ အရပ်သားတွေကို အရိုက်ခံရတယ်လို့ ကြား တယ်။ ကြားတော့ ဦးတင်ဦးကနေ ကျွန်တော့်ကားထဲကနေ ထွက်သွားပြီးတော့ ကျွန်တော်က အဲဒီမှာ ဦးတင်ဦးကို စောင့်နေတယ်။ အဲဒီမှာ အန်တီ့ကားက ကျွန်တော်တို့ကားကို ကျော်ပြီးတော့ ဝေါ၊ ဝေါဆို ထွက်သွားတဲ့အခါကျတော့ ကျွန်တော်ကနေပြီးတော့ သွားရအောင်၊ ရှေ့သွားကြစို့။ ဒါပေမယ့် ကျွန်တော်က ဘာစဉ်းစားလဲဆိုတော့ ဦးတင်ဦး မလာသေးဘူး။ ဦးတင်ဦးကို လိုက်ခေါ်ဦးမယ်ဆိုပြီး ကျွန်တော်လိုက်ခေါ်တယ်။

**မေး။** ။ ဆိုတော့ ဦးတင်ဦးက ထွက်သွားတယ်ဆိုတာ ဘယ်ကိုထွက်သွားတာလဲ။

**ဖြေ။** ။ နောက်ကို အန်တီ့ကားကို ထွက်သွားတယ်။ ဦးတင်ဦးက အန်တီ့ဆီကို လိုက်သွားတဲ့အခါမှာ အန်တီ့ကားက ရှေ့ကိုထွက်သွားတော့ ကျွန်တော်က အန်တီ့ကားလည်း ထွက်သွားပြီ။ အဲတော့ ကျွန်တော်တို့ ဆက်မောင်းရအောင်၊ ဦးတင်ဦး မပါတော့ ကျွန်တော်က နေဦး၊ မမောင်းနဲ့ဦး၊ ကျွန်တော် ဦးတင်ဦးကို သွားခေါ်ဦးမယ်ဆိုပြီး နောက်ပြန်ပြီးတော့ ကျွန်တော် အလယ်လောက်ရောက်နေတယ်ပေ့ါဗျာ။ သွားခေါ်တော့ ဦးတင်ဦးကိုမတွေ့ဘူးဗျ။ ဒါပေမယ့် အဲဒီမှာ အမျိုးသမီး တစ်ယောက် လက်တွေကို ရိုက်ထားတာကို မြင်ရတယ်။ မြင်ရတဲ့အခါမှာ အဲဒီအမျိုးသမီးကလည်း ဘယ်သူရယ်လို့တော့ မသိဘူး။ နောက်မှာ ရိုက်ကုန်ပြီ၊ ရိုက်နေပြီဆိုပြီး ပြောတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို လူတစ်ယောက်ကနေပြီးတော့ ကားဆီကို ပြန်ခေါ်သွားတယ်ခင်ဗျ။ အဲဒီလူကလည်း ကျွန်တော့်စိတ်ထဲမှာ ဘယ်သူလည်းဆိုတာ မသိဘူးဖြစ်နေတယ်။ ဒါပေမယ့် ကားဆီရောက်တော့ တံခါးဆီလည်းရောက်ရော ကျွန်တော့်ကို ကားထဲကို သွင်းလိုက်တယ်။ အဲဒီမှာ ကျွန်တော့် နောက်ကနေပြီး ကျောကို (၂)ချက်ရိုက်လိုက်တယ်ဗျ။ အံ့ဩစရာ ကောင်းတာ အဲဒီ (၂)ချက်က မနာဘူးဖြစ်နေတယ်။

**မေး။** ။ အဲဒီ (၂) ချက်ရိုက်တာက ဘာနဲ့ရိုက်တယ်ဆိုတာသိလား။

**ဖြေ။** ။ ဒုတ်တော့ ဒုတ်ပဲ။ ဒုတ်က တံခါးကိုထိပြီးတော့ ကျွန်တော့်ကို တစ်ဝက်ထိလို့ မနာသလားတော့ မသိဘူးလေ။

**မေး။** ။ အဲလို အရိုက်ခံရတဲ့အချိန်က ဘယ်နှစ်နာရီလောက်ရှိသွားပြီလဲဗျ။

**ဖြေ။** ။ အခင်းဖြစ်နေပြီပေ့ါဗျာ၊ အခင်းဖြစ်နေတဲ့ ကာလမှာပေ့ါ။ နာရီကတော့ တိတိကျကျ မမှတ်မိဘူးဗျ။ မှန်းခြေဆိုရင် ကျွန်တော်တို့ အဲဒီမှာရောက်တော့ (၈)နာရီကျော်ကျော်လောက်လို့ ကျွန်တော်ခန့်မှန်းတယ်ဗျာ။ အဲဒီမှာ ကျွန်တော် ကားထဲကို

ရောက်သွားတယ်။ ကားထဲလည်းရောက်၊ တံခါးလည်းပိတ်လိုက်ရော ကျောက်ခဲကြီး သုံးလုံးကျလာတယ်။ ဦးတင်ဦးကား မှန်နှစ်ချပ်ကွဲသွားတယ်။ အမိုးလည်းပဲ ပိန်သွားတယ်။

**မေး။** ။ ကားနံပါတ်ကို မှတ်မိလား။

**ဖြေ။** ။ ဦးလွင်ကားပဲဗျ။ ကျွန်တော်က အဲဒီအချိန်လေးမှာပဲ အဲဒီကားကို စီးရတော့ နံပါတ်တွေဘာတွေ မှတ်မထားဘူး ဗျ။ အဲဒါနဲ့ ကားဆက်ပြီးမောင်းတယ်ပေ့ါဗျာ။ ရှေ့ကလည်း ရိုက်နေပြီလို့ကြားတယ်။ နောက်ကလည်းပဲ ကားမီးရှို့နေတယ် လို့သိရတဲ့အခါမှာ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်သာတော့ ကျွန်တော်တို့ တံတားတစ်ခုတွေ့တယ်ဗျ။ အဲဒီ တံတားရဲ့ အောက်ထဲကို ဟိုင်းလပ်စ်တစ်စင်းက မောင်းသွားတော့ လမ်းရှိတယ်မှတ်လို့ ကျွန်တော်တို့ကားကလည်းပဲ အဲဒီ ဟိုင်းလပ်စ်နောက်ကို လိုက်တော့ လယ်တောထဲမှာ မိသွားတယ်။ ရှေ့ဆက်သွားလို့ မရဘူး။ ကျွန်တော်တို့က တံခါးဖွင့်ပြီး တော့ လယ်တောထဲမှာပဲ ဆင်းပြီးတော့ အခြေအနေကို ကြည့်နေတယ်ဗျ။ အခြေအနေ ကြည့်နေတုန်းမှာ ဟိုဘက်က ကာဖြူးအော်ဒါထုတ်သံကြားရတယ်။ မီးတွေနဲ့ တဖောင်းဖောင်းထိုးနေတယ်။ ရိုက်တယ်။ အန်တီ့ကား ထွက်သွားတယ်လို့ ကြားတယ်။ အဲဒီအချိန်မှာ သေနတ်တွေဖောက်တယ်။ ကျွန်တော်တို့ အဲဒီလယ်တောထဲမှာပဲ တညလုံး ဟိုပြေးလိုက်၊ ဒီပြေးလိုက်၊ ဟိုသစ်ပင်ကို ခိုလိုက်၊ ဒီသစ်ပင်ကို ခိုလိုက်၊ အဲဒီအချိန်မှာ ကိုတင်ထွဋ်က (ကိုတင်ထွဋ်ဆိုတာ အထက် ဗမာပြည် လူငယ်တာဝန်ခံပေ့ါ။) သူကားနဲ့ အတူတူဖြစ်သွားတယ်ပေ့ါ။ အဲဒီအခါမှာ ကျွန်တော်တို့တစ်တွေ အကုန်လုံး အဲဒီအထဲမှာ ဟိုပြေးရမလို၊ ဒီပြေးရမလို၊ ဖြစ်နေတဲ့အချိန်မှာ ကာဖြူးအော်ဒါလာတော့ ကျွန်တော်တို့ ဘာစဉ်းစားသလဲ ဆိုရင် ဥပဒေအကာအကွယ်ကို ယူရမယ်လို့၊ သူတို့နဲ့တွေ့ရမယ်လို့ ကျွန်တော်တို့က ဒီလိုဆုံးဖြတ်ထားတယ်။ အဲဒီအချိန် မှာ တဖြည်းဖြည်း ညဥ့်နက်လာတဲ့အခါမှာ လယ်တောထဲမှာပဲ အိပ်ရတယ်ပေ့ါ။ မနက်မိုးလင်းတော့ ကျွန်တော်တို့ကားကို သူတို့တွေ့သွားတယ်။ နောက် ကျွန်တော့်ကို ဖမ်းသွားတယ်။ အဲဒီကနေပြီးတော့ တောက်လျှောက် ကျွန်တော့်ကို လူတွေ နဲ့လွှတ်ပြီးတော့ ရွှေဘိုခေါ်သွားတယ်။ အဲဒီနေ့ကစပြီးတော့ ကျွန်တော် (၇)လနဲ့ (၁၆)ရက် ထောင်ထဲမှာနေရတယ်။

**မေး။** ။ ဦးတင်ဦးနဲ့ ဦးဘာဘာနဲ့ ဘယ်အချိန်မှာကွဲသွားသလဲ။

**ဖြေ။** ။ ကျွန်တော်နဲ့ ကျည်ရွာအရောက်မှာ ကွဲသွားတယ်ဗျ။ နောက်မှ ကျွန်တော် ရွှေဘိုကျမှသိရတာ ကတော့ ဦးတင်ဦးရဲ့စခန်းကို ဝင်သွားတယ်။ ကျန်းကျန်းမာမာဝင်သွားတယ်ဆိုတာ သိရပါတယ်။

**မေး။** ။ အဲတော့ ဦးဘာဘာ ဦးတင်ဦးနဲ့ ကွဲပြီးတဲ့အချိန်မှာ လယ်တောထဲမှာ ပုန်းနေတဲ့အချိန်မှာ စောစောကပြောတဲ့ ကာဖြူးအော်ဒါထုတ်သံကြားတယ်။ ညမထွက်ရ အမိန့်ထုတ်သံကြားတယ်။ အဲဒါ ဘယ်ကနေ ဘယ်လိုကြားသလဲ။

**ဖြေ။** ။ လောစပီကာကြီးနဲ့ အော်နေတာဗျ။

**မေး။** ။ အဲတော့ လော်စပီကာနဲ့အော်တာက ဘယ်ဘက်ကအော်တာလည်း၊ ကျည်ရွာဘက်က အော်တာလား၊ ဒီပဲယင်းဘက်က လာတဲ့အသံလား။ ဘယ်ဘက်ကလာတဲ့အသံလည်း။

**ဖြေ။** ။ ဒီပဲယင်းဘက်က အော်တာဗျ။

**မေး။** ။ ဒီပဲယင်းဘက်က အော်တာ၊ အဲတော့ အခင်းဖြစ်နေတဲ့ဟာတွေ ရိုက်ကြနှက်ကြ အခင်းဖြစ်နေတာကို ဦးဘာဘာမျက်မြင် ကိုယ်တိုင်မြင်ခဲ့ရလား။

**ဖြေ။** ။ ကျွန်တော် ရိုက်တာ၊ နှက်တာကို မမြင်ခဲ့ဘူး။ သို့သော် နားကြားနေရတယ်ပေ့ါဗျာ။ နောက်ကနေ မီးတွေ ရှို့နေတယ် ဆိုတာကို မီးကြားရတယ်။ ရှေ့ကနေ မီးတွေထိုးပြီးတော့ သေနတ်သံတွေ ကျွန်တော်ကြားရတယ်။

**မေး။** ။ ဟုတ်ကဲ့၊ အဲဒီအချိန်မှာ အသေအပျောက်၊ ဒါဏ်ရာရတာတွေ ဘယ်လိုဖြစ်တယ်ဆိုတာတွေ ကိုယ်တွေ့မြင်ခဲ့ရ တာ၊ နောက်ထပ် ထပ်ပြီးကြားခဲ့ရတာ ရှိသေးလားခင်ဗျ။

ဖြေ။ ။ ကျွန်တော် ကိုယ်တွေ့မြင်ခဲ့တာကတော့ ခုနပြောတဲ့ အမျိုးသမီးတစ်ယောက် လက်မှာကျိုးသွားတယ်လို့ ကျွန်တော် မြင်တာပဲရှိပါတယ်။ ကျန်တာကတော့ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ ဘာမှမမြင်ပါဘူး။

မေး။ ။ အဲဒီအမျိုးသမီးက မွန္တလေးတိုင်းစည်း ဒေါ်ဝင်းမြမြလား။

ဖြေ။ ။ ဒေါ်ဝင်းမြမြလို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော်မြင်တဲ့အချိန်မှာ လက်နှစ်ဘက်စလုံး ရိုက်ရာမှာ သွေးတွေနဲ့ ကျွန်တော်မြင်ရပါတယ်။

မေး။ ။ အခုပြောတာကတော့ လက်ရှိ ဒေါ်ဝင်းမြမြရဲ့ မျက်မြင်သက်သေဆိုတာ အရေးကြီးပါတယ်။ ဒေါ်ဝင်းမြမြလည်း အခု ပြန်လွတ်လာပြီလို့ သိရတယ်။ မွန္တလေးတိုင်းစည်း ဟုတ်ကဲ့ခင်ဗျ။

ဖြေ။ ။ ကျွန်တော်တို့နဲ့အတူတူလေ။

မေး။ ။ ဟုတ်ကဲ့၊ ရွှေဘိုထောင်မှာ အတူတူပဲ မဟုတ်လား။ ဦးဘာဘာတို့နဲ့။

ဖြေ။ ။ သူက မုံရွာကနေပြီးတော့ ဆေးကုပြီးတော့မှ ရွှေဘိုကိုရောက်လာတယ်လို့ ကျွန်တော်တို့သိရတယ်။ ကျွန်တော် နဲ့ကတော့ လွတ်တဲ့နေ့ (၁၆)ရက်နေ့မှာပဲ သူ့ကိုမြင်လိုက်ရတယ်။ ဒီပြင်အချိန်မှာ သူ့ကို မြင်ခွင့်မရဘူးဗျ။

မေး။ ။ အဲတော့ ဦးဘာဘာ ဒီပဲယင်းအရေးအခင်းဖြစ်တဲ့အချိန်မှာ ဦးဘာဘာတို့ လယ်ကွင်းထဲမှာလမ်းမှားပြီး ကား ထိုးရပ်သွားတဲ့နေရာက ကျည်ရွာနဲ့ ဘယ်လောက်လောက်ဝေးလဲ ခင်ဗျ။

ဖြေ။ ။ ကျည်ရွာနဲ့ ကပ်တဲ့ တံတားအောက်ပဲ။ ကျည်ရွာရောက်ခါနီးလေး တံတားပေါ့ဗျာ။

မေး။ ။ ဦးဘာဘာတို့ကို လာဖမ်းတဲ့အချိန်မှာ နောက်နေ့မနက်ကို လယ်ကွင်းထဲမှာလာပြီး ဖမ်းတယ်ဆိုတော့ စစ်တပ် လား၊ ရဲလား၊ ကြံ့ဖွံ့လား၊ ဘယ်သူတွေလဲခင်ဗျ။

ဖြေ။ ။ ရဲလည်းပါတယ်။ နောက် ထောက်လှမ်းရေးပါတယ်။ စစ်သားအဝတ်အစားနဲ့ကတော့ မတွေ့ရပါဘူး။

မေး။ ။ ဦးဘာဘာကို ဖမ်းတဲ့အချိန်မှာ ဘယ်သူတွေပါ ပါသေးလဲခင်ဗျ။

ဖြေ။ ။ မွန္တလေးက ကလေးတွေပါတယ်ဗျ။ ကျွန်တော့်ကို ပထမဆုံး သူတို့က ဒီမှာကား၊ ဒီမှာကားဆိုတော့ ကျွန်တော် ကနေပြီးတော့ ကားထဲကထွက်ပြီးတော့ ကျွန်တော်ရှိပါတယ်လို့ ပြောတယ်။ ဘယ်သူလဲဆိုတော့ ကျွန်တော်က ဦးဘာဘာပါလို့ပြောတယ်။ ဦးဘာဘာဆိုရင် လာလာလာဆိုပြီး ကျွန်တော့်ကို တစ်ခါတည်း ကားပေါ်တင်လိုက်ပါတယ်။ အဲဒီကားထဲမှာလည်း မွန္တလေးကလူငယ်တွေလို့ ခန့်မှန်းတဲ့လူတွေ အများကြီးပါတယ်ဗျ။ နောက်ပြီးတော့လည်း ကျွန်တော် ပုန်းနေတဲ့ နေရာနဲ့ မနီးမဝေးမှာပဲ လူငယ် သုံး၊ လေးဦးလည်း ထွက်လာတာကို တွေ့ရတယ်ဗျ။ ကျည်ရွာလား၊ အဲဒီမှာ ကျွန်တော်တို့ ဆောက်လုပ်ရေးအဆောက်အဦးပေ့ါဗျာ အဲဒီအဆောက်အဦးထဲကို ကျွန်တော့်ကိုခေါ်သွားတယ်။ အဲဒီမှာ ကားတွေရပ်ထားတာကို တွေ့ရတယ်။ ကားတစ်စင်းပေါ်ကို တင်လိုက်တယ်။ အဲဒီကားထဲမှာလည်းပဲ လူငယ်တွေပါတယ်။ အဲဒီလူငယ်တွေအားလုံးရဲ့ ကြားထဲမှာ ကျွန်တော့်ကို ထည့်လိုက်တယ်။ ဒါပဲ။

မေး။ ။ အဲဒီဆောက်လုပ်ရေးဝန်းထဲကနေ ဘယ်ကိုခေါ်သွားလဲ။

ဖြေ။ ။ အဲဒီကနေတောက်လျှောက် ရွှေဘိုကိုခေါ်သွားတယ်။ ရွှေဘိုထောင်ထဲကို ခေါ်သွားတယ်။

မေး။ ။ အဲတော့ ရွှေဘိုထောင်ရောက်တဲ့အချိန်မှာ စစ်တာဆေးတာရှိပါသေးလား။

**ဖြေ။** ။ ရှိတာပေါ့ဗျာ။ ကျွန်တော့်ကို ဒီအခင်းဖြစ်ပွားတဲ့ ကိစ္စတွေပဲ မေးနေတာပဲ။

**မေး။** ။ အခင်းဖြစ်တယ်ဆိုတာကို မေးတာက ဘယ်ကိစ္စတွေကို အဓိထားမေးသလဲ။

**ဖြေ။** ။ ကျွန်တော်ပါဝင်တဲ့ အခန်းကဏ္ဍကို အဓိကထားပြီးမေးတယ်ဗျ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တဲ့အခါမှာ ဘာတွေပြောသလဲ။ ဘာတွေ ညွှန်ကြားသလဲ။ ဒီလိုကိစ္စမျိုးတွေ မေးပါတယ်။

**မေး။** ။ ရွှေဘိုထောင်ထဲ ရောက်တဲ့အခါမှာ နှိပ်စက်တာတွေဘာတွေ ရှိသေးလား။

**ဖြေ။** ။ မရှိပါဘူး။ အဲဒီမှာ ကျွန်တော့်ကို သူတို့လိုချင်တဲ့ မေးခွန်းတွေမေးပြီးတော့၊ ဖြေရတယ်ပေါ့ဗျာ။ အဲဒီမှာတော့ ၅(ည)လောက်တော့ ညမှာခေါ်တယ်။ နေ့မှာ ခေါ်တယ်။ မေးခွန်းတွေ မေးတယ်ပေါ့ဗျာ။ ဒီလောက်ပါပဲ။

**မေး။** ။ အဲဒီမေးတဲ့သူတွေက ထောင်ဝန်ထမ်းတွေလား၊ ထောက်လှမ်းရေးလား။

**ဖြေ။** ။ ထောက်လှမ်းရေးတွေဗျ။ ပထမတော့ ကျွန်တော်တို့ကို ရောထားတယ်ပေါ့လေ။ အကျတွေနဲ့။ နောက်ကျတော့ ကျွန်တော်တို့ (၅)ယောက်ကို ခြားထားတယ်။

**မေး။** ။ ကျွန်တော်တို့ (၅)ယောက်ဆိုတာက ဘယ်သူတွေလဲခင်ဗျ။

**ဖြေ။** ။ ကျွန်တော်တို့ ဘယ်မှာထားသလဲဆိုတော့ တိုက်ထဲမှာ။ ငါးခန်းတိုက်လို့ခေါ်ပါတယ်။ တနည်းအားဖြင့် အရင်က ဟိုဟာပေါ့ဗျာ ကြိုးတိုက်ထဲမှာထားပါတယ်။ ကျွန်တော်နဲ့ ငါးယောက်ကတော့ ကျွန်တော့်အတွင်းရေးမှူး ဦးထွန်းမြင့်ရယ်၊ အင်းတော်က ဦးစောလှိုင်၊ ကသာက ဦးမြင့်ကြည်၊ မွန္တလေးက ကိုတင်ထွဋ်ဦး အဲဒီငါးယောက်ကိုတော့ သေသေချာချာ ပိတ်ထားတယ်ပေါ့ဗျာ။ နောက်ပိုင်းကျတော့မှ ကြက်ခြေနီရောက်လာတဲ့ နောက်ပိုင်းမှာတော့ နည်းနည်းလေး လွှတ်လပ်လာတယ်ပေါ့။ အစားအသောက်က ထောင်ကကျွေးတဲ့ဟာကိုပဲ စားရတာဆိုတော့ ပထမတော့ အဆင်မပြေဘူးပေါ့ဗျာ။ နောက် ကြက်ခြေနီလာပြီးတဲ့ နောက်တော့ အိမ်ကနေ ထောင်ဝင်စာတွေ့ခွင့်ရပါတယ်။

**မေး။** ။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့လာတုန်းက ဦးဘာဘာနဲ့ တွေ့ခွင့်ရသလား။

**ဖြေ။** ။ ရတယ်ဗျ။ ကျွန်တော်တို့အိမ်ကို စာရေးတာ၊ စာရေးနိုင်ခဲ့တယ်ဗျာ။ ကျွန်တော်တို့အိမ်ကို ရောက်အောင် သူတို့ စာပေးတယ်။ ကျွန်တော်တို့ရဲ့ နေရေး၊ ထိုင်ရေးတွေ မေးတယ်။ နောက် ထောင်တွင်းမှာ အခြေအနေတွေကို ကျွန်တော်တို့ ကိုမေးပါတယ်။ ကြက်ခြေနီပြန်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ရဲ့ နေရေးထိုင်ရေးလေးက တော်တော်လေး အဆင်ပြေသွား ပါတယ်။ အဲဒီအချိန်အတောအတွင်းမှာပဲ မွန္တလေးကလူငယ်တွေ တသုတ်ပြီးတသုတ်လွှတ်လာတယ်ခင်ဗျ။ အဲဒီလိုလွှတ်ပြီး တော့ နောက်ပိုင်းကျတော့ ကိုရဲမြင့်တို့၊ ကိုအောင်စိုးတို့၊ တေဇနိုင်တို့ ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တို့နဲ့ပေါင်းပြီး ချလိုက်တယ် ဗျ။ အဲဒီအချိန်မှာ အရင်တုန်းကတော့ တစ်ခန်းတယောက်ကနေပြီးတော့ တစ်ခန်းကို နှစ်ယောက်၊ နှစ်ယောက်လောက်က သုံးခန်း၊ သုံးယောက်က နှစ်ခန်း အဲဒီလိုနေရပါတယ်။ နောက် ဦးအောင်စိုးတို့ လွှတ်သွားတော့ ကျွန်တော်တို့ချည်းပဲ (၉) ယောက်ကျန်ပါတယ်။ အဲဒီလို (၉)ယောက်နဲ့ နေခဲ့ရင်းကနေပြီးတော့ ထောင်ဝင်စာတွေ၊ ပထမတုန်းကတော့ ထောင်ဝင်စာ ပစ္စည်းတွေရတယ်။ လူ မတွေ့ရဘူးဗျ။ နောက်ပိုင်း တွေ့ရပါတယ်။

**မေး။** ။ နောက်ပိုင်းကျတော့ ဆိုတာက ကြက်ခြေနီအဖွဲ့ပြန်ပြီး ဘယ်တော့လောက်ကြာမှ မိသားစုနဲ့ ထောင်ဝင်စာ တွေ့ခွင့်ရသလဲ။

**ဖြေ။** ။ ကြက်ခြေနီပြန်ပြီးတော့ တစ်ပတ်အတွင်းမှာပဲ တွေ့ခွင့်ရပါတယ်။ အိမ်တိုင်းအိမ်တိုင်းက လူတွေကနေပြီး လာတွေ့တာကို ကျွန်တော်တို့သိရပါတယ်။ ကျွန်တော်တို့လည်း စုပေါင်းပြီးတော့ ပစ္စည်းတွေကို ချက်သင့်တာချက်စား၊ ချက်ခိုင်းပြီးတော့ စားရတာပေါ့ဗျာ။ ကျွန်တော်တို့ကိုယ်တိုင် ချက်ရတာတော့မဟုတ်ဘူးပေါ့။ အိမ်ကပေးတဲ့ အခြောက် အခြမ်းတွေ စားပြီးနေရပါတယ်။

မေး။ ။ မွန္တလေး အမရပူရမြို့နယ် ဥက္ကဋ္ဌ ဦးလှမြင့်တို့ ဘယ်အချိန်လောက်ရောက်လာသလဲ၊ ရွှေဘိုထောင်ကို။

ဖြေ။ ။ ဦးလှမြင့်တို့က မလွတ်ခင် (၂)လလောက်အတွင်းမှာ သူတို့နဲ့ကျွန်တော်တို့ လာတွေ့ရတယ်ပေ့ါ။ စောစောပိုင်း ကတော့ သူတို့ မုံရွာမှာထားတယ်လို့ သိရတယ်။ နောက်ကျတော့ အကျထဲမှာ သူတို့ကိုထားတယ်။ နောက်ကျမှ ကျွန်တော်တို့ဘက်ကို ရောက်လာတယ်။

မေး။ ။ ဒီပဲယင်းအရေးအခင်းနဲ့ပတ်သက်ပြီး ရွှေဘိုထောင်မှာ အဖမ်းခံနေရတဲ့ဦးရေ ဘယ်လောက်လောက် ရှိသလဲ ဆိုတာ သိခွင့်ရခဲ့သလား။

ဖြေ။ ။ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ အားလုံး လူငယ်တွေရော၊ ကျွန်တော်တို့ရောပေ့ါလေ၊ ဒီပဲယင်း အရေးအခင်းနဲ့ပတ်သက်ပြီးတော့ (၅/၃) စုံစမ်းကာလပေ့ါဗျာ၊ ကျွန်တော်တို့လူကြီးပိုင်းကတော့ (၁၀)ယောက်၊ စောစောပိုင်းက ဦးအောင်စိုးတို့နဲ့ အတူလွတ်လာတာက (၃)ယောက်၊ (၁၃) ယောက်။ ကျန်တာကတော့ လူငယ်တွေပေ့ါ။ လူငယ်တွေ အတိုင်းအတာကိုတော့ တိတိကျကျမပြောနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ မတွေ့ရဘူးဗျ။ လွတ်သွားတဲ့လူ (၅၀)၊ လွတ်သွားတဲ့လူ(၃၀) အဲလိုပဲသိရပါတယ်။ တိတိကျကျ ပြောနိုင်တာတစ်ခုကတော့ ကျွန်တော်တို့လို ချုပ်ထားတာ မဟုတ်ဘဲနဲ့ အကြောင်းအမျိုးမျိုးနဲ့ ကျနေတဲ့လူတွေ၊ အခု ရွှေဘိုထောင်မှာ (၂၇) ယောက်ရှိသေးတယ်ဗျ။

မေး။ ။ အကြောင်းအမျိုးမျိုးနဲ့ ကျနေတဲ့သူတွေဆိုတာက အန်အယ်လ်ဒီအဖွဲ့ဝင်တွေကို ပြောတာလား။

ဖြေ။ ။ ဟုတ်တယ်။ အန်အယ်လ်ဒီ အဖွဲ့ဝင်တွေ ဥပမာအားဖြင့် ဒီပဲယင်းဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်၊ သူဆိုရင် ဗိုလ်ချုပ်မှုးကြီးဆီကို စာရေးလို့ဆိုတာကို၊ စာရေးတာကို အကြောင်းပြပေမယ့် တကယ်ကျတော့ ဘာနဲ့ကျသလဲဆိုရင် ပုံနှိပ်ဥပဒေနဲ့ကျတာ။ တစ်ချို့ဆိုရင်လည်း သူက မီးသတ်ရဲဘော် သို့သော်လည်းပဲ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ သွားဖို့ ပြောတဲ့ အခါကျတော့ မသွားနိုင်ဘူးလို့ပြောတယ်။ အဲတော့ အာဏာဖီဆန်တယ်ဆိုတဲ့ ပုဒ်မနဲ့၊ နည်းမျိုးစုံနဲ့ပေ့ါလေ အဲလိုကျနေတဲ့သူက (၂၇)ယောက်ရှိတယ်။ ဒီပဲယင်းအရေးအခင်းနဲ့ ဆက်စပ်၍ပေ့ါဗျာ၊ ကျွန်တော်တို့လို အရေးအခင်းထဲ မှာ ပါနေတာတော့ မဟုတ်ဘူး။ အရေးအခင်းမတိုင်ခင် ဖြစ်တာတွေပေ့ါ။ ဥပဒေအမျိုးမျိုးနဲ့ ဖမ်းထားတဲ့လူတွေပေ့ါဗျာ။ အဲဒါတွေကို တိတိကျကျ ကျွန်တော်သိရတာက (၂၇)ယောက်ကျန်သေးတယ်လို့ သိရတယ်။

မေး။ ။ ဦးဘာဘာ ပြန်လွတ်တဲ့အချိန်မှာက ဦးဘာဘာနဲ့အတူ ဘယ်သူတွေပါသေးလဲ။

ဖြေ။ ။ ကျွန်တော်နဲ့အတူတူ ဦးထွန်းမြိုင်၊ ဦးမြင့်ကြည်၊ ဦးစောလှိုင်၊ ဦးလှမြင့်၊ ဦးရဲမြင့်၊ ရန်ကုန်က ဒေါ်ပုံက ကျော်ဆန်းဝင်း၊ ကိုတင်ထွဋ်ဦး၊ ဟိုအမျိုးသမီးပေ့ါဗျာ (၁၀)ယောက်။

မေး။ ။ အဲဒီလို လွှတ်ပေးတဲ့အချိန်မှာ ဘာ့ကြောင့်လွှတ်ပေးတယ်ဆိုတာ ပြောသေးလားခင်ဗျ။

ဖြေ။ ။ ကျွန်တော်တို့ကို အပြစ်တစ်စုံတစ်ရာမရှိဘူးလို့ သူတို့ကပြောပါတယ်။ အကယ်၍ နောင်တစ်ကြိမ်မှာ သူတို့ စစ်ဆေးလို့ အပြစ်တစ်စုံတစ်ရာတွေ့ခဲ့ရရင် သက်ဆိုင်ရာမြို့နယ် တရားသူကြီးကနေပြီးတော့ ခေါ်ရင် လာပါမယ်လို့ ဆိုတာကို ကျွန်တော်တို့ လက်မှတ်ထိုးခဲ့ရတယ်ဗျ။ ကျွန်တော်တို့ကို အပြစ်မရှိဘူးလို့ သူတို့ ပြောပါတယ်ခင်ဗျ။

မေး။ ။ အပြစ်မရှိဘူးဆိုပြီး လွှတ်ပေးပေမယ့်လို့ နောင်တစ်ချိန်မှာ အကြောင်းကြောင်းကြောင့် ခေါ်ရင်တော့ လာတွေ့ ရမယ်။ ဒါပေမယ့် ဒီကြားကာလမှာ နိုင်ငံရေးဆက်မလုပ်ရဘူး၊ ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူး၊ ဘယ်မသွားရဘူးဆိုတဲ့ ကန့်သတ်ချက်တွေ လက်မှတ်ထိုးခဲ့ရပါသေးလား။

ဖြေ။ ။ မရှိပါဘူးဗျ။

မေး။ ။ ဦးဘာဘာက စစ်ကိုင်းတိုင်း အန်အယ်လ်ဒီဥက္ကဋ္ဌ ဖြစ်တဲ့အခါကျတော့ ဦးဘာဘာပြန်လွတ်လာတယ်ဆိုရင် ဦးဘာဘာရဲ့ စစ်ကိုင်းတိုင်းက အဖွဲ့ချုပ်ဝင်တွေလည်း အတော်လေးဝမ်းသာကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့သိသလောက် ကဆိုရင်

မုံရွာကမြို့နယ်စည်း တော်တော်များများကဆိုရင် အခုအထိ ရှောင်နေဆဲပဲဖြစ်တယ်လို့ သတင်းကြားရတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဦးဘာဘာ ဘာဆက်လုပ်ဖို့ အစီအစဉ်ရှိသလဲခင်ဗျ။

**ဖြေ။** ။ ကျွန်တော်က ဗဟိုရဲ့ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ဖို့အစီအစဉ်ရှိပါတယ်။ အခုကျွန်တော်တို့ ဗဟိုရဲ့အဆက်အသွယ်ကို မရသေးဘူးခင်ဗျ။ ဘာလို့မရသလဲဆိုရင် ကျွန်တော်ပြောပါမယ်။ ကျွန်တော့်ဖုန်းကို ဖြုတ်ထားတယ်။ ကျွန်တော်တို့မြင်းမူမှာ အောက်တိုပေးတယ်။ ဒါပေမယ့် ကျွန်တော်ကို အထူးသဖြင့် လိုအပ်တဲ့ ဝန်ဆောင်ကြေးတွေ လိုအပ်တဲ့ လျှောက်လွှာတွေ၊ တနည်းအားဖြင့် အများနည်းတူ ကျွန်တော်ဆောင်ရွက်တာပါ။ ဒါပေမယ့် ကျွန်တော်ကို ဆက်မပေးပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော် ဗဟိုကိုဖုန်းဆက်ခွင့် မရပါဘူး။ တခြားနေရာကနေ ဖုန်းဆက်တော့လည်းပဲ ဦးသန်းထွန်းတို့ဘာတို့ ဖုန်းဆက်လို့ မရဘူးဖြစ်နေတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လူတစ်ယောက်ကို၊ စစ်ကိုင်းက ပုဂ္ဂိုလ်ကို ဖုန်းပြောပြီးတော့ အဆက်အသွယ်ယူထားပါတယ်။ ကျွန်တော်အခု ဦးသန်းထွန်းတို့ (၅)ဦးရဲ့ ညွှန်ကြားချက်ကို စောင့်နေပါတယ်။

**မေး။** ။ အခုလောလောဆယ်ကာလမှာရော၊ စစ်ကိုင်းတိုင်းထဲက တိုင်းစည်းတွေ၊ မြို့နယ်စည်းတွေနဲ့ တွေ့ဖို့အစီအစဉ် ရှိပါသေးလား။

**ဖြေ။** ။ စစ်ကိုင်းတိုင်းအနေနဲ့တော့ တွေ့ဖို့အစီအစဉ်မရှိပါဘူး။ သို့သော်လည်းပဲ မုံရွာကတော့ ကျွန်တော့်ဆီကိုလာတွေ့ပါတယ်။ သူတို့ပုဂ္ဂိုလ်တွေကို ပြန်ခေါ်ရမလားလို့ ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး တော့ အကောင်းဆုံးကတော့ မခေါ်သေးတာကောင်းတယ်။ အန်တီ လွှတ်လာတဲ့အချိန်ကျမှ အဲဒီကိစ္စတွေ လုပ်ရင်ကောင်း မယ်လို့ ဒီလိုပြောလိုက်ပါတယ်။ အခု ဒီရောက်နေတဲ့အချိန်မှာတော့ ကျွန်တော်အိမ်မှာပဲ အနားယူနေတဲ့သဘောပဲ ရှိပါသေးတယ်။

**မေး။** ။ ဒီပဲယင်းအရေးအခင်းနဲ့ ပတ်သက်ပြီးတော့ ပြန်ပြီးတော့ အနှစ်ချုပ်လိုက်မယ်ဆိုရင် ဦးဘာဘာအနေနဲ့ ဘာပြောချင်ပါသေးလဲ ခင်ဗျ။

**ဖြေ။** ။ ကျွန်တော်တို့ဟာ ဥပဒေနဲ့အညီ ဆောင်ရွက်တဲ့ ပါတီဖြစ်တယ်။ အခု စည်းရုံးရေးလုပ်ငန်းတွေကလည်း ဥပဒေနဲ့အညီ လုပ်ခဲ့တယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ဟာ မတရားသဖြင့်ခံရတယ်။ အရိုက်လည်း ခံရသေးတယ်။ ထောင်လည်း ရောက်ခံရသေးတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တိတိကျကျ စုံစမ်းစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော် ဒီလိုပြောချင်ပါတယ်။